မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၁ ] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၈/၂၀၂၁)**

**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၆ ကို အောက်ပါအတိုင်း ပြင်ဆင်ရမည်–

"၃၆။ မည်သူမဆို ဤဥပဒေအရဖြစ်စေ၊ ဗီဒီယိုဆင်ဆာအဖွဲ့ကဖြစ်စေ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီကဖြစ်စေ ထုတ်ပြန်ထားသော အမိန့်သို့မဟုတ် ညွှန်ကြားချက်ကိုလိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၁၉/၂၀၂၁)

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

''( ခ ) **ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများ** ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူ၊ ကလေးသူငယ်၊ အမျိုးသမီး၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန် ရောဂါ ခံစားနေရသူကို ဆိုသည်။

(ဃ) **အဖွဲ့ဝင်** ဆိုသည်မှာ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ကို ဆိုသည်။''

၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

''(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ ထိရောက်သည့် ဥပဒေဆိုင်ရာ အထောက်အကူရရှိစေရန်၊''

( ခ ) ပုဒ်မခွဲ (င) ကို ပယ်ဖျက်ရမည်။

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

''( ဂ ) တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံနေရသူများကို ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေး၊''

( ခ ) ပုဒ်မခွဲ (ဃ)၊ (င)နှင့် (ဈ) တို့ကို ပယ်ဖျက်ရမည်။

( ဂ ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

''( စ ) ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ် ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ မခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊''

၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၅။(က) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၃) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၄) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး — အဖွဲ့ဝင်

(၇) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၈) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၉) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး — အဖွဲ့ဝင်

( ခ ) ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်များသည် နိုင်ငံသားဖြစ်ရမည့်အပြင် နိုင်ငံရေးပါတီဝင်မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စု ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်းအစားထိုးရမည်-

''(ည) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက် အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် **ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်မှ** လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊**''

၈။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၇ ကို ပယ်ဖျက်ရမည်။

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

''၈။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုတရားသူကြီးချုပ်၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး — ဥက္ကဋ္ဌ

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်ဆိုင်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၆) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနမှူးတစ်ဦး — အဖွဲ့ဝင်

(၇) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့်ရှေ့နေတစ်ဦး — အဖွဲ့ဝင်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်များသည် နိုင်ငံသားဖြစ်ရမည့်အပြင် နိုင်ငံရေးပါတီဝင်မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အား ညွှန်ကြားနိုင်သည်။"

၁၀။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၁၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရန် **အဆင့်ဆင့်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၁၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) အများက ယုံကြည်လေးစားပြီးဂုဏ်သတင်းရှိသော ဥပဒေပညာတတ်ကျွမ်းနားလည်သူတစ်ဦး — ဥက္ကဋ္ဌ

(၂) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘောတူညီသော အနည်းဆုံး ၃ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့်ရှေ့နေတစ်ဦး — အဖွဲ့ဝင်

( ခ ) မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့ဝင်များသည် နိုင်ငံသားဖြစ်ရမည့်အပြင် နိုင်ငံရေး ပါတီဝင်မဟုတ်သူ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အား ညွှန်ကြားနိုင်သည်။"

၁၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်း လုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက်အကူ ပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့် အညီ စိစစ်ပြီး အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် **ခွင့်ပြုပေးနိုင်ရန် အဆင့်ဆင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြခြင်း၊"**

၁၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး ရမည်-

"(က) သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ် ဖြစ်သည်။"

၁၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၁၆ တွင်-

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၆။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည်-"

( ခ ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) အဖွဲ့ဝင်တစ်ဦးဦးကို ဆက်လက်တာဝန်ပေးအပ်ရန်မသင့်ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ်က ထင်မြင်ယူဆလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊"

၁၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၁ ကို ပယ်ဖျက်ရမည်။

၁၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ပူးပေါင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။"

၁၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၃။ သက်ဆိုင်သည့်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။ ယင်းကိစ္စအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။"

၁၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် တရားရုံးတွင် အမှုစစ်ဆေးစဲကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။"

၂၀။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေးပညာသင် စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။"

၂၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူနှင့်ပတ်သက်၍–

(က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကားအခက်အခဲရှိလျှင် ဘာသာစကား နားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ခ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။"

၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၂၉ နှင့် ၃၂ တို့ကို ပယ်ဖျက်ရမည်။

၂၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၃၆ တွင် ပါရှိသော "ယင်းအဖွဲ့၏အကြံပေးပုဂ္ဂိုလ်များ" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၂၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၃၈ ကို ပယ်ဖျက်ရမည်။

၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၄၁။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကို ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်။

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဝင်အဖြစ် ပါဝင်သော ရှေ့နေသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးနှင့်သက်ဆိုင်သော ဤဥပဒေအရ လိုက်ပါဆောင်ရွက်သည့် အမှုမှအပ အခြားမည်သည့်အမှုတွင်မျှ လိုက်ပါဆောင်ရွက်ခြင်းမပြုရ။"

၂၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၂ ကို ပယ်ဖျက်ရမည်။

၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၅ ကိုအောက်ပါအတိုင်း အစားထိုးရမည်–

"၄၅။ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေအထောက်အကူပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ခြောက်လတစ်ကြိမ် တင်ပြရမည်။"

၂၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၇ ကို ပယ်ဖျက်ရမည်။

၂၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်လည်းကောင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့်လည်းကောင်း အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်အမှတ် (၁၀၈/ ၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

### ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ ပါ အခွင့်အာဏာကိုကျင့်သုံးလျက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်တာဝန်ပေးအပ်လိုက်သည်။

၂။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ၏ ခံစားခွင့်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံးက ဆောင်ရွက်ပေးရမည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

### ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ငွေချေးသက်သေခံလက်မှတ်

လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ဒေါ်နွဲ့နွဲ့ဝင်း ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ၏ သဘောတူညီချက်ဖြင့် ထပ်မံဖြည့်စွက် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟန်မင်းအောင် ကို ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၉၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်)

**အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၄(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဂ) ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး — အဖွဲ့ဝင်
ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ

| | | |
|---|---|---|
| (ဃ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဍ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဎ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဏ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (တ) | ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင် တစ်ဦး<br>ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူးချုပ်<br>ရွှေ့ပြောင်းသွားလာရေးနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၉၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂ ရက်)

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏ကမ်းရိုးတန်းနှင့် ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှု လုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ် လုပ်ကိုင်မှုဗဟိုကော်မတီ (Coastal Resources Management Central Committee– CRMCC) ကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ဒုတိယဥက္ကဋ္ဌ<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ<br>သတ်မှတ်ပေးသောတပ်မတော် (ရေ) မှ<br>အဆင့်မြင့်အရာရှိကြီးတစ်ဦး | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>တနင်္သာရီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ၃ ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၿ ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဒ ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ( ဓ ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး(၁) |
| ( န ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | တွဲဖက်<br>အတွင်းရေးမှူး(၂) |

၂။　နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က)　နိုင်ငံအဆင့် ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပြုရန်၊

( ခ )　နိုင်ငံ၏ပင်လယ်ကမ်းရိုးတန်း သယံဇာတများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်တစ်ခုတည်ထောင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( ဂ )　နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ် (Integrated Coastal Resources Management programme) တစ်ရပ်ရေးဆွဲချမှတ်ရန်နှင့် အဆိုပါအစီအစဉ်အပေါ်တွင် အခြေခံ၍ဒေသအလိုက်စီမံချက်များရေးဆွဲအကောင်အထည်ဖော်ရန်အတွက်ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဃ)　နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေ ( Protected Areas) များအား စနစ်တကျထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် သဘာဝနယ်မြေအသစ်များ ထပ်မံဖွဲ့စည်းထိန်းသိမ်းနိုင်ရန်တို့အတွက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( င )　ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်ဇရိယာများ ဆက်စပ်လျက်ရှိသောဒေသတွင်းနိုင်ငံများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ သုတေသနနှင့် နည်းပညာဖလှယ်ရေး လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( စ )　မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသောအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ [Convention on Biological Diversity (CBD)၊ United Nations Framework Convention on Climate Change

စသည်] နှင့် ကတိကဝတ်များ (Agenda 21) စသည်တို့ကို အကောင်အထည်ဖော်ရာတွင် ကမ်းရိုးတန်းဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စနစ်တကျ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းလုပ်ငန်းများဖြင့် အထောက်အကူပြုနိုင်ရန်အတွက် ဌာနများအချင်းချင်းအကြားတွင်လည်းကောင်း၊ ဌာနများနှင့် အခြားအကျိုးဆက်စပ်ပတ်သက်သူများ (ပုဂ္ဂလိက၊ ဒေသခံပြည်သူ၊ လူမှုရေးအဖွဲ့အစည်းများ စသည်) အကြားတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရေးကြီးကြပ်လမ်းညွှန်မှုပေးရန်၊

(ဆ) ပင်လယ်ကမ်းရိုးတန်း သယံဇာတဆိုင်ရာသုတေသနစခန်းများထူထောင်ရန်နှင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( ဇ ) နိုင်ငံ၏ရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ငါးဖမ်းခြင်း၊ မသမာသည့်နည်းလမ်းများဖြင့် ငါးဖမ်းခြင်း (ဥပမာ ဖောက်ခွဲနည်းဖြင့် ငါးဖမ်းခြင်း၊ ပိတ်ပင်ထားသောငါးဖမ်းကိရိယာများအသုံးပြုခြင်း) ထိန်းသိမ်းကာကွယ်ထားသောဧရိယာများအတွင်း ဝင်ရောက်ငါးဖမ်းခြင်း၊ ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်အတွင်း အညစ်အကြေးများစွန့်ပစ်ခြင်းစသည်တို့မှ ကာကွယ်ရန်အတွက် ကမ်းရိုးတန်းသယံဇာတဆိုင်ရာဌာနအဆင့်ဆင့်၊ တပ်မတော်ရေ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရေးအတွက် ကြီးကြပ်လမ်းညွှန်မှုပေးရန်၊

( ဈ ) ဤဗဟိုကော်မတီ၏လုပ်ငန်းများအား အထောက်အကူပြုရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ပင်လယ်ကမ်းရိုးတန်းဒေသစီမံအုပ်ချုပ်လုပ်ကိုင်မှု ကော်မတီများဖွဲ့စည်းရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာဆပ်ကော်မတီများ လိုအပ်သလို ထပ်မံဖွဲ့စည်းရန်၊

(ည) ပင်လယ်ကမ်းရိုးတန်းဒေသ သယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု (Integrated Coastal Resources Management) လုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ နည်းပညာနှင့် ရန်ပုံငွေအကူအညီရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၃ ရက်)

## အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ကလေးအလုပ်သမားပပျောက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် အဓိကတာဝန်ရှိသည့်ဌာနများနှင့်

ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် **အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူးချုပ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဒ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စစ်ရေးချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(ဓ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စစ်ဥပဒေချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

(န) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဓမ္မခိုင်းစေမှုပပျောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊

(ခ) ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အဖွဲ့အစည်းများလွတ်လပ်စွာဖွဲ့စည်းခြင်းကို အထောက်အကူပေးခြင်း၊

(ဂ) ငြိမ်းချမ်းရေးနှင့် အလုပ်သမားရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) ကလေးအလုပ်သမားပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဘေးကင်းလုံခြုံသော အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(စ) အလုပ်သမားဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဗဟိုကော်မတီက ချမှတ်သည့် မူဝါဒနှင့် လမ်းညွှန်ချက်တို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုခြင်း၊

(ဇ) တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ဆောင်ရွက်ခြင်း၊

(ဈ) အလုပ်သမားများအတွက် လူမှုအကာအကွယ်ပေးရေးလုပ်ငန်းများအပါအဝင် လူမှုဖူလုံရေးကိစ္စရပ်များ၊

(ည) အလုပ်ရှင်များ၏ စွမ်းဆောင်ရည် အားကောင်းလာစေရေး ဆောင်ရွက်ပေးခြင်း။

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၈/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၂၈၀/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး (မြို့နယ်တရားသူကြီးတာဝန်) များအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးနိမ်ကွေနော်<br>တ/၃၆၆၁ | (မြို့နယ်တရားသူကြီးတာဝန်<br>ဆော့လော်<br>ကချင်ပြည်နယ် |
| ၂။ | ဦးရန်နိုင်ဝင်း<br>တ/၃၆၈၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>ချီဖွေ<br>ကချင်ပြည်နယ် |
| ၃။ | ဦးစိုးနိုင်လင်း<br>တ/၃၆၃၅ | (မြို့နယ်တရားသူကြီးတာဝန်)<br>နန်းယွန်း<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | ဦးငွေသိန်း<br>တ/၃၆၄၂ | (မြို့နယ်တရားသူကြီးတာဝန်)<br>လဟယ်<br>စစ်ကိုင်းတိုင်းဒေသကြီး |
| ၅။ | ဦးတိုးနိုင်ဇော်<br>တ/၃၆၆၅ | (မြို့နယ်တရားသူကြီးတာဝန်)<br>မယ်စဲ<br>ကယားပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၆။ | ဦးသီဟအောင်<br>တ/၃၆၇၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>ထန်တလန်<br>ချင်းပြည်နယ် |
| ၇။ | ဦးစက်ရှိန်သာ<br>တ/၃၁၇၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး<br>ချမ်းအေးသာစံ (မော်တော်ယာဉ်)<br>မန္တလေးတိုင်းဒေသကြီး |
| ၈။ | ဦးအောင်နေလင်း<br>တ/၃၆၉၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကုန်းကြမ်း<br>ရှမ်းပြည်နယ် |
| ၉။ | ဦးအောင်မျိုးသန်း<br>တ/၃၆၇၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>ဟိုပန်<br>ရှမ်းပြည်နယ် |
| ၁၀။ | ဦးမိုးသက်မောင်<br>တ/၃၆၃၀ | (မြို့နယ်တရားသူကြီးတာဝန်)<br>ကွတ်ခိုင်<br>ရှမ်းပြည်နယ် |
| ၁၁။ | ဦးကျော်သီဟ<br>တ/၃၆၉၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>နမ္မတူ<br>ရှမ်းပြည်နယ် |
| ၁၂။ | ဦးကောင်းဘုန်းကျော်<br>တ/၃၆၈၇ | (မြို့နယ်တရားသူကြီးတာဝန်)<br>နမ့်ဆန်<br>ရှမ်းပြည်နယ် |
| ၁၃။ | ဦးဇေယျာရှိန်း<br>တ/၃၆၈၆ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းရယ်<br>ရှမ်းပြည်နယ် |
| ၁၄။ | ဦးမျိုးထက်အောင်<br>တ/၃၆၉၀ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုးမိတ်<br>ရှမ်းပြည်နယ် |
| ၁၅။ | ဦးတိုးတက်အောင်<br>တ/၃၆၅၃ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းရှူး<br>ရှမ်းပြည်နယ် |
| ၁၆။ | ဦးနိုင်လင်းအောင်<br>တ/၃၆၈၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုးနဲ<br>ရှမ်းပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁၇။ | ဦးဇော်မျိုးဝင်း<br>တ/၃၅၉၇ | (မြို့နယ်တရားသူကြီးတာဝန်)<br>မြို့နယ်တရားရုံး<br>ဇမ္ဗူသီရိ(မော်တော်ယာဉ်)<br>မန္တလေးတိုင်းဒေသကြီး |
| ၁၈။ | ဦးအောင်ဇော်<br>တ/၃၆၅၁ | (မြို့နယ်တရားသူကြီးတာဝန်)<br>မိုင်းကိုင်<br>ရှမ်းပြည်နယ် |
| ၁၉။ | ဦးဟိန်းလွင်ထူး<br>တ/၃၆၁၅ | (မြို့နယ်တရားသူကြီးတာဝန်)<br>လင်းခေး<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၈၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရနှင့် ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ယာယီထမ်းဆောင်နေစဉ် ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကောင်းထက်ဇော်<br>တ/၃၄၀၅ | ငါန်းဇွန်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးကျော်ဝေယံဟိန်း<br>တ/၃၄၁၈ | မြိုင်<br>မကွေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၉၉/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၈ ရက်)

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ တင်သွင်းဖွင့်လှစ်သော အထူးအယူခံမှုများကို စစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရန် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အထူးအယူခံမှုစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အောက်ပါအတိုင်း ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၁။ လုပ်ထုံးလုပ်နည်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **အထူးအယူခံခုံရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ခုံရုံးဖြင့် စစ်ဆေးစီရင်ထားသော မည်သည့်အမှုကိုမဆို ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြန်လည်စစ်ဆေးစီရင်ရန် ဖွဲ့စည်းသည့် ပြည်ထောင်စု တရားသူကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ အဖွဲ့ဝင်အဖြစ် ပါဝင်သော ခုံရုံးကို ဆိုသည်။"

၂။ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ ပြည်ထောင်စုတရားသူကြီးချုပ်သည် အထူးအယူခံမှုများ ကြားနာစီရင်ရန် ပြည်ထောင်စုတရားသူကြီးချုပ်က ခုံရုံးသဘာပတိအဖြစ် ဆောင်ရွက်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး နှစ်ဦးဖြစ်စေ၊ နှစ်ဦးထက် ပို၍ဖြစ်စေ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အထူးအယူခံခုံရုံးကို ဖွဲ့စည်းပေးရမည်။ လိုအပ်လျှင် အထူးအယူခံခုံရုံးကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)**
**အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)**
**အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative – BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီကို အထောက်အကူပြုနိုင်ရေးအတွက် ဖွဲ့စည်းထားရှိသည့် **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း**

**(Belt and Road Initiative – BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) အမြဲတမ်းအတွင်းဝန် နိုင်ငံခြားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) အမြဲတမ်းအတွင်းဝန် ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဂ) အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဃ) အမြဲတမ်းအတွင်းဝန် နယ်စပ်ရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(င) အမြဲတမ်းအတွင်းဝန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) အမြဲတမ်းအတွင်းဝန် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆ) အမြဲတမ်းအတွင်းဝန် ပြန်ကြားရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇ) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) အမြဲတမ်းအတွင်းဝန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) အမြဲတမ်းအတွင်းဝန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋ) အမြဲတမ်းအတွင်းဝန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌ) အမြဲတမ်းအတွင်းဝန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဍ) အမြဲတမ်းအတွင်းဝန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဎ) အမြဲတမ်းအတွင်းဝန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဏ) အမြဲတမ်းအတွင်းဝန် ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(တ) အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန — အဖွဲ့ဝင်

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ပ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဖ) အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(ဗ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး (၁)
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး (၂)
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၂။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အပြန်အလှန် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန်၊

(ခ) လုပ်ငန်းကော်မတီအစည်းအဝေးများကို ပုံမှန်ခေါ်ယူကျင်းပ၍ လုပ်ငန်းဆောင်ရွက်ချက်များအား သုံးသပ်ရန်၊

(ဂ) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** နှင့်စပ်လျဉ်းသည့် မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းရန်ရှိသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍လိုအပ်ပါက ဦးဆောင်ကော်မတီသို့တင်ပြလမ်းညွှန်မှုခံယူရန်နှင့်ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ရန်၊

(ဃ) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်ပါက အကြံပြုချက်များ၊ လေ့လာသုံးသပ်အကဲဖြတ်မှုများကို ပညာရှင်များ၊ သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ အကြံပေးအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ အကြံဉာဏ်များ ရယူဆောင်ရွက်သွားရန်၊

(င) **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း** အစီအစဉ်အောက်မှ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် တို့တွင် ကဏ္ဍစုံ၊ အလွှာစုံမှ ပူးပေါင်းဆောင်ရွက်ရန်နှင့် တရုတ်နိုင်ငံဘက်မှ ကမ်းလှမ်းသည့်ကိစ္စများအား ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(စ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ခေါင်းစဉ်အောက်မှ အတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်။

၃။　ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ
ဦးဆောင်ကော်မတီ
ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)
အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

၁။　ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ စာအမှတ်၊ ၁၁၈ (၁)/၈/ကောင်စီရုံးအရ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

၂။　ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါ်စောကလျာစု ကို မူလရာထူးတာဝန်ဝတ္တရားများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ် တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

အမှတ် ၉၅။　သတင်းမီဒီယာနည်းဥပဒေ ၅၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့အရ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀)၊ (၃၁) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် **မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့** တွင် သတင်းမီဒီယာနှင့်သက်ဆိုင်သည့် တတ်သိပညာရှင် ဒေါက်တာဇော်သန်း အား ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၏ သဘောတူညီချက်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဟန်လင်းဌာနစုမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင် အား အဆိုပါ ဦးစီးဌာန၊ စစ်တွေဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဦးကိုကို

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) ဒေါက်တာစုစုဝင်း အား ၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်။

တင်ထွဋ်ဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း (၁,၅၁၀) ဧကရှိသောနယ်မြေကို "လွယ်မောကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ လက်ပံပင်ရွာ တောင်ယာခင်းသွားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း (LR-၂၅၂၈၅၃) မှအစပြု၍ အရှေ့မြောက်ဘက်သို့ ၄.၁၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၉၈၅၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂.၃၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၂၈၅၃) အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၁.၁၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၉၈၄၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃.၇၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၄၈၄၁) အထိ၊ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ ၇.၃၀ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၃၈၂၆) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁.၀၇ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၇၀၈၀၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃.၆၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၇၈၀၁) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂.၆၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၇၂၇၉၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၄.၁၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၈၇၉၁) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂.၈၁ ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၅၂၉၀) အနီး ခန့်မှန်းမြေပုံညွှန်း (LR-၂၇၂၇၈၇) အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၁.၂၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၇၀၇၈၅) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၄၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၇၇၈၆) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၇၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၆၇၈၃) အထိ၊ ထိုမှ အနောက်ဘက်သို့ ၀.၇၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၅၇၈၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၃၇၈၄) အထိ၊

အနောက်ဘက်။ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၆၀ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၆၄၇၈၈) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄.၆၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၉၇၉၇) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၆.၇၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၅၈၁၁) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂.၇၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၂၈၁၆) အထိ၊ ထိုမှ မြသိန်းတန်ဘုရားတက်လမ်းအတိုင်း ၃.၃၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၈၈၂၀) အထိ၊ ထိုမှ မြသိန်းတန်ဘုရားတောင်တက်လမ်းအတိုင်း ၁.၅၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၉၈၂၃) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃.၅၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၃၈၂၇) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၆၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း

(LR-၂၅၀၈၂၄) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၀၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၄၈၈၂၆) အထိ၊ ထိုမှ မြောက်ယွန်းယွန်းသို့ ၄.၁၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၄၇၈၃၅) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂.၉၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၁၈၄၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂.၄၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၅၈၃၇) အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ ၃.၄၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၆၈၄၅) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၅၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၃၈၄၃) အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ ၁.၇၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၃၈၄၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၀၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (LR-၂၅၄၈၄၉) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၈၃ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (LR-၂၅၂၈၅၃) အထိ။

၂။ **တားမြစ်ချက်များ**

"လွယ်မောကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

( ခ ) မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များကို ခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

( ဂ ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

( င ) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

( စ ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

( ဇ ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၃။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းရှိ

အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈၇၇) ဧကရှိသော နယ်မြေကို "ပန်စောက်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ဆွတ်လန်းရွာ၏ အရှေ့ဘက်နမ့်ပလန်းချောင်းနှင့် ဒုဋ္ဌဝတီမြစ်ဆုံ၏ အရှေ့တောင်ဘက် ၁.၈ ဖာလုံခန့်အကွာ ခန့်မှန်းမြေပုံညွှန်း (T-၂၈၅၁၄၅) မှအစပြု၍ အရှေ့ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၂၉၂၁၄၆) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၂၉၇၁၅၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၀၁၅၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၄၁၅၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(T-၃၀၈၁၅၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(T-၃၁၃၁၅၃) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(T-၃၁၄၁၅၂) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(T-၃၁၆၁၅၃) အထိ၊ ထိုမှ တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(T-၃၁၅၁၄၉) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၃.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း(T-၃၂၃၁၅၂) အထိ၊ ထိုမှ တောင်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၂၄၁၄၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၂၆၁၄၉) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၂၄၁၄၅) အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၂၀၁၄၅) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၁၈၁၄၅) အထိ၊ ထိုမှ တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၁၈၁၄၂) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၅.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၇၁၃၇) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၈၁၃၅) အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၄၁၃၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၀.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၄၁၃၅) အထိ၊ ထိုမှ အနောက်ဘက်သို့ ၄.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၂၉၃၁၃၅) အထိ၊ ထိုမှ အနောက်ဘက်သို့ ၁.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၂၈၈၁၃၅) အထိ၊

အနောက်ဘက်။ ထိုမှ အရှေ့မြောက်ဘက်သို့ ၃.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၂၉၃၁၄၀) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၂၈၆၁၄၂) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (T-၂၈၅၁၄၅) အထိ။

**ချန်လှပ်ကွက် (၂၃) ဧက၏ နယ်နိမိတ်အလားအလာ**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း (T-၃၁၃၁၅၁) မှအစပြု၍ အရှေ့ဘက်သို့ ၀.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၁၅၁၅၁) အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၉၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၁၄၁၄၉) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၈၁၄၇) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်ဘက်တည့်တည့်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (T-၃၀၃၁၄၅) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (T-၃၁၃၁၅၁) အထိ။

၂။ **တားမြစ်ချက်များ**

"ပန်စောက်ကြိုးပြင်ကာကွယ်တော" အတွင်း အောက်ဖော်ပြပါတို့ကို မပြုလုပ်ရန် တားမြစ်လိုက်သည်-

(က) ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်မွေးမြူခြင်း၊

( ခ ) မွေးမြူထားသောအိမ်မွေးတိရစ္ဆာန်များကိုခွင့်ပြုမိန့်မရရှိဘဲ စားကျက်ချခြင်းသို့မဟုတ် ဝင်ရောက်စေခြင်း၊

( ဂ ) ခွင့်ပြုမိန့်မရရှိဘဲ ပျက်စီးစေရန် တမင်ရည်ရွယ်ချက်ဖြင့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း သို့မဟုတ် မူလအနေအထားကို ယိုယွင်းစေခြင်း၊

(ဃ) ရေစီးရေလာကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျက်စီးစေခြင်း၊

( င ) ရေတွင် လျှပ်စစ်ဓာတ်အားကို ဖြတ်စီးစေခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊

( စ ) ခွင့်ပြုမိန့်မရရှိဘဲ မည်သည့်သစ်ပင်ကိုမဆို ပျက်စီးစေခြင်း၊ သင်းသတ်ခြင်း၊ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊

(ဆ) သစ်တောများကို မီးဖြင့်ပျက်စီးစေခြင်း၊

( ဇ ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း။

၃။ **ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏ အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက် တစ်ခုခုကိုလိုက်နာရန် ပျက်ကွက်ခြင်းများရှိပါက သစ်တောဥပဒေအရ အရေးယူခြင်းခံရမည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)**

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်အတွင်းရှိ

အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆၀၈) ဧကရှိသော နယ်မြေကို "မန်ဂျတ်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကွတ်ခိုင်-နောင်ဗျက်ရွာသွားလမ်းရှိ ခန့်မှန်းမြေပုံညွှန်း 23˚ 26' 26.70" N, 97˚ 57' 0.20" E မှအစပြု၍ အရှေ့မြောက်ယွန်းယွန်းသို့ ၃/၁၉၉၇ ယူကလစ်စိုက်ခင်း (၃၀၀) ဧက၏ အနောက်ဘက် နယ်နိမိတ်အတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 35.76"N, 97˚57' 5.60"E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၃/၁၉၉၇ ယူကလစ်စိုက်ခင်း (၃၀၀) ဧက၏ မြောက်ဘက်နယ်နိမိတ်အတိုင်း ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 35.14" N, 97˚57' 23.94"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၃ ဖာလုံခန့်လာရာ တရုတ်နတ်စဉ် ခန့်မှန်းမြေပုံညွှန်း 23˚ 26' 42.74" N, 97˚ 57' 40.07"E အထိ၊ ထိုမှ အရှေ့ဘက်ယွန်းယွန်းသို့ ၈/၂၀၁၀ ထင်းရှူးစိုက်ခင်း (၅၀) ဧကနှင့် ၂/၂၀၁၈ ထင်းရှူးစိုက်ခင်း (၃၅) ဧကတို့၏ မြောက်ဘက်နယ်နိမိတ်အတိုင်း ၄ ဖာလုံ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 32.22"N, 97˚58' 9.07"E အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း ၃ ဖာလုံ ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း Lat-23˚26' 29.09"N, Lon-97˚58' 32.29"E အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်စူးစူးသို့ တောင်ကြောအတိုင်း ၄ ဖာလုံ ၅ သံကြိုးခန့်လာရာ ကွတ်ခိုင်-နောင်ဗျက်ရွာသွားလမ်းရှိ ခန့်မှန်းမြေပုံညွှန်း 23˚ 26' 0.38"N, 97˚ 57' 28.83"E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ကွတ်ခိုင်-နောင်ဗျက်ရွာသွားလမ်းအတိုင်း၂ ဖာလုံ ၉ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚ 26' 2.19"N, 97˚ 58' 9.47"E အထိ၊ ထိုမှ နောင်ဗျက်ရွာသွားလမ်းအတိုင်း အနောက်တောင်ဘက်သို့ ၁ ဖာလုံ ၆ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚ 25' 58.47"N, 97˚58' 0.58"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃/၁၉၉၇ ယူကလစ်စိုက်ခင်း (၃၀၀) ဧက၏ တောင်ဘက်နယ်နိမိတ်အတိုင်း ၄ ဖာလုံ ၇ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 5.93"N, 97˚57' 30.85"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃/၁၉၉၇ ယူကလစ်စိုက်ခင်း (၃၀၀) ဧက၏ အနောက်တောင်ဘက်နယ်နိမိတ်အတိုင်း ၃ ဖာလုံ ၁ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚ 26' 19.08" N, 97˚57' 15.15"E အထိ၊ ထိုမှ အနောက်ဘက်သို့ ၃/၁၉၉၇ ယူကလစ်စိုက်ခင်း (၃၀၀) ဧက၏ တောင်ဘက်နယ်နိမိတ်အတိုင်း ၁ ဖာလုံ ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚ 26' 17.85"N, 97˚57' 3.08"E အထိ၊ ထိုမှ တောင်ဘက်သို့ စိုက်ခင်းနယ်နိမိတ်အတိုင်း ၁ ဖာလုံ ၁ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 11.01"N, 97˚57' 4.44"E အထိ၊ ထိုမှ စိုက်ခင်း၏ နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ၁ ဖာလုံ ၁ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 6.69"N, 97˚57' 10.93"E အထိ၊ ထိုမှ ၎င်းစိုက်ခင်းနယ်နိမိတ်အတိုင်း အနောက်တောင်ဘက်သို့ ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 2.98"N, 97˚57' 7.74"E အထိ၊ ထိုမှ စိုက်ခင်းနယ်နိမိတ်အတိုင်း အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၅ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 3.88"N, 97˚57' 4.21"E အထိ၊

အနောက်ဘက်။ ထိုမှ ၃/၁၉၉၇ ယူကလစ် (၃၀၀) ဧက၏ အနောက်ဘက်နယ်နိမိတ်အတိုင်း မြောက်ဘက်ယွန်းယွန်းသို့ ကွတ်ခိုင်-မန်ဂျက် ရွာသွားလမ်းအတိုင်း ၃ ဖာလုံ ၈ သံကြိုးခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း 23˚26' 26.70"N, 97˚57' 0.20"E အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွတ်ခိုင်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ကွတ်ခိုင်မြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးခမ်းညွန့်၊ ဒေသခံပြည်သူ | အဖွဲ့ဝင် |
| ၅ | ဦးခမ်းအိုင်၊ ဒေသခံပြည်သူ | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ကွတ်ခိုင်မြို့နယ် | အတွင်းရေးမှူး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ပင်လည်ဘူးမြို့နယ်အတွင်းရှိ

အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈,၆၀၀) ဧကရှိသော နယ်မြေကို ''ကဒူးဒေသ (၃) ကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက် (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်။ မြောက်မှော်ကျေးရွာနှင့် တောင်မော်ကျေးရွာ ရွာချင်းဆက်ကားလမ်း ခန့်မှန်းမြေပုံညွှန်း 24˙15' 40" N, 95˙15'54"E မှအစပြု၍ အရှေ့မြောက်ယွန်းယွန်းသို့ ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙15' 44"N, 95˙36'05" E အထိ၊ ထိုမှ ကျေးရွာချင်းဆက်လမ်းအတိုင်း ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙15'52"N, 95˙36'13"E အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ မော်လင်ကျေးရွာချင်းဆက်လမ်းအတိုင်း ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 06"N, 95˙37' 02"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကျေးရွာချင်းဆက်လမ်းအတိုင်း ၄.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 22"N, 95˙37' 30"E အထိ၊ ထိုမှ အရှေ့စူးစူးသို့ ကျေးရွာချင်းဆက်လမ်းအတိုင်း ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 19"N,95˙38' 05"E အထိ၊ ထိုမှ အရှေ့စူးစူးသို့ ကျေးရွာချင်းဆက်လမ်းအတိုင်း ၄.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 19"N, 95˙38'36"E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 13"N, 95˙36' 12"E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 09" N, 95˙39' 28"E အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 15"N, 95˙39' 56"E အထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ တောင်ခြေအတိုင်း ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 09"N, 95˙40' 45"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 26"N, 95˙41' 31"E အထိ၊ ထိုမှ အရှေ့ဘက်သို့ ၅.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 26"N, 95˙42' 12"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙15' 42"N, 95˙41' 16"E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙15' 32"N, 95˙41' 40"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၁ မိုင် ၂ ဖာလုံခန့်လာရာ ရွာချင်းဆက်လမ်းရှိ ခန့်မှန်းမြေပုံညွှန်း 24˙15' 58"N, 95˙42' 44"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 24"N, 95˙43' 51"E အထိ၊ ထိုမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙16' 19"N, 95˙44' 34"E အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ ၃.၅ ဖာလုံခန့်လာရာ ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ် နယ်ခြားနယ်နိမိတ် ခန့်မှန်းမြေပုံညွှန်း 24˙16' 36"N, 95˙44' 51"E အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ် နယ်ခြားနယ်နိမိတ်အတိုင်း ၁ မိုင် ၇.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙15' 29"N, 95˙46'14"E အထိ၊ ထိုမှ တောင်ဘက်စူးစူးသို့ ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ် နယ်ခြားနယ်နိမိတ်အတိုင်း ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24˙15' 05"N, 95˙46' 15"E အထိ၊

တောင်ဘက်။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°15' 21"N, 95°45' 35"E အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°15' 13"N, 95°43' 54"E အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ တောင်ခြေအတိုင်း ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°14' 59"N, 95°42' 50"E အထိ၊ ထိုမှ အနောက်တောင်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°14' 35"N, 95°42' 35"E အထိ၊ ထိုမှ အနောက်ယွန်းယွန်းသို့ ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°14' 33"N, 95°42' 16"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅.၅ ဖာလုံခန့်လာရာ လယ်ဦးရွာခြေရှိချောင်း ခန့်မှန်းမြေပုံညွှန်း 24°14' 55"N, 95°41' 45"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ချောင်းအတိုင်း ၆ ဖာလုံခန့်လာရာ မန်ပင်ကျေးရွာ ခန့်မှန်းမြေပုံညွှန်း 24°15' 13"N, 95°41' 07"E အထိ၊ ထိုမှ အနောက်ဘက်ယွန်းယွန်းသို့ ကျေးရွာချင်းဆက်လမ်းအတိုင်း ၁ မိုင် ၄ ဖာလုံလာရာ မော်ကြီးကျေးရွာ ခန့်မှန်းမြေပုံညွှန်း 24°14' 55"N, 95°39' 44"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°15' 03"N, 95°38' 35"E အထိ၊ ထိုမှ အနောက်ဘက်သို့ တောင်ခြေအတိုင်း ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°14' 59"N, 95°37' 24"E အထိ၊ ထိုမှ အနောက်တောင်ဘက်ယွန်းယွန်းသို့ ချောင်းရိုးအတိုင်း ၁.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°14'51"N, 95°37'14"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ချောင်းရိုးအတိုင်း ၇.၅ ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°15' 04"N, 95°36' 21"E အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ ချောင်းရိုးအတိုင်း ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°15' 14"N, 95°35'58"E အထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ တောင်မော်ရွာ၏ အရှေ့ဘက်တောင်ခြေအတိုင်း ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 24°15' 29"N, 95°35' 48"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း 24°15' 40"N, 95°15' 54"E အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊

သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးစာရွှေ<br>ဒေသခံပြည်သူ၊ မော်လင်ကျေးရွာ၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးဝင်းဦး<br>ဒေသခံပြည်သူ၊ အောင်ချမ်းသာကျေးရွာ၊ ပင်လည်ဘူးမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပင်လည်ဘူးမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၂,၀၀၀) ဧကရှိသောနယ်မြေကို "ဆူဘန်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် (၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကာလ-ခေါင်းအိကျေးရွာသွားကားလမ်း ခန့်မှန်းမြေပုံညွှန်း 96°56' 14.66" E, 19° 47' 46.13" N မှအစပြု၍ အရှေ့စူးစူးသို့ ၁,၂၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°58' 13.3734" E, 19° 46' 58.3342" N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁,၇၃၄ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°57' 56.9674" E, 19° 47' 8.5819" N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၆၂၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°58' 13.3734" E, 19°46' 58.3342" N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁,၀၉၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°58' 45.2838" E, 19°47' 10.5112" N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၅ မိုင်

ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°59′ 58.092″ E, 19°47′ 43.3540″ N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၇၉၁ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°00′ 16.3858″ E, 19° 47′ 27.4085″ N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°01′ 28.3786″ E, 19°47′ 2.8827″ N အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°02′ 59.4301″ E, 19°44′ 51.6446″ N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁,၆၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°03′ 35.1824″ E, 19°44′ 16.1174″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၀၇၂ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°03′ 21.0040″ E, 19°43′ 47.1973″ N အထိ၊

တောင်ဘက်။ ထိုမှ အနောက်စူးစူးသို့ ၅၉၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°03′ 2.2492″ E, 19°43′ 48.2987″ N အထိ၊ ထိုမှ အနောက်ဘက်သို့ ၁,၅၁၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°02′ 14.9823″ E, 19°43′ 43.2765″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၅၆၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°01′ 37.9461″ E, 19°44′ 13.8065″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၂၇၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°00′ 58.9022″ E, 19°44′ 22.4907″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁၁၄၅ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97°00′ 23.0439″ E, 19°44′ 19.617″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၈၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°59′ 21.6174″ E, 19°44′ 39.615″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၇၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°58′ 28.0497″ E, 19°45′ 15.4235″ N အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၄၇၇ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°58′ 8.9463″E, 19°45′ 55.4749″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၁၆၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°57′ 40.4657″ E, 19°46′ 17.1219″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၉၄၈ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°57′ 16.4561″ E, 19°46′ 33.8357″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၅၃၃ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°56′ 59.6551″ E, 19°46′ 34.2085″ N အထိ၊ ထိုမှ အနောက်ဘက်သို့ ၃၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°56′ 55.0128″ E, 19°46′ 26.2323″ N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၉၀၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°56′ 35.5324″ E, 19°46′ 45.5498″ N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁,၈၅၀ ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 96°56′ 14.66″ E, 19°47′ 46.13″ N အထိ။

## ၂။ သစ်တောကြိုးဝိုင်းအရာရှိခန့်အပ်ခြင်း

ကြိုးဝိုင်းကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြိုးဝိုင်းအရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးဝိုင်းကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို

သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဖယ်ခုံမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဖယ်ခုံမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးဒေါမိနစ်ကို<br>ဒေသခံပြည်သူ၊ မိုးဖြကျေးရွာအုပ်စု၊ ဖယ်ခုံမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးဇော်ဝင်း<br>ဒေသခံပြည်သူ၊ မိုးဖြကျေးရွာအုပ်စု၊ ဖယ်ခုံမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးဆန်းလှိုင်<br>ဒေသခံပြည်သူ၊ ရီနွဲ့ကျေးရွာအုပ်စု၊ ဖယ်ခုံမြို့နယ် | အဖွဲ့ဝင် |
| ၇ | ဦးဝင်းနိုင်<br>ဒေသခံပြည်သူ၊ ရီလုံရီကန်ကျေးရွာအုပ်စု၊ ဖယ်ခုံမြို့နယ် | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဖယ်ခုံမြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဧပြီလ ၅ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ အထွေထွေမန်နေဂျာ (စီမံ) ဦးခင်မောင်ကျော် အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှ

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး၊ ခွင့်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အောင်သန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

## ရုံးတွင်းအမိန့်

အမှတ် ၁။ အဆင့်မြင့်ပညာဦးစီးဌာန၊ ပင်လုံတက္ကသိုလ်၏ လစ်လပ်လျက်ရှိသော ပါမောက္ခချုပ်ရာထူးနေရာတွင် ဟင်္သာတတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာမြင့် အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခေတ္တပါမောက္ခချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ကျင်းပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မကွေးမြို့တွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဦးမြင့်စိုး အား ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကျဉ်းဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) တပ်ဖွဲ့မှူး — အဖွဲ့ဝင်
လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(စ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

| | | |
|---|---|---|
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဓ) | ကိုယ်စားလှယ်တစ်ဦး<br>တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ပ) | ညွှန်ကြားရေးမှူး<br>ကချင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဖ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဘ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ရ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(လ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဝ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(သ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဟ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရခိုင်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဠ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(အ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ကက) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရောဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခခ) ကိုယ်စားလှယ် (၅) ဦး အဖွဲ့ဝင်
ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအတွက်
ဆောင်ရွက်လျက်ရှိသည့် လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရ
မဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ
စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ

(ဂဂ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

၂။ ကော်မတီ၏သက်တမ်းသည် နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမပြုမီအထိ တည်ရှိစေရမည်။

၃။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကလေးသူငယ်၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ကလေးသူငယ်၏အကျိုးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကလေးသူငယ်မှုခင်းများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအဆင့်ဆင့်အကြား လိုအပ်သည့်ချိတ်ဆက်ညှိနှိုင်းမှုများ ဆောင်ရွက်ခြင်း၊

(င) ကလေးသူငယ်များအပေါ် ကျူးလွန်သောပြစ်မှုများနှင့်စပ်လျဉ်း၍ ထိရောက်သော ပြစ်ဒဏ်သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် သင်တန်းများစီစဉ်ပေးခြင်း၊ ကလေးသူငယ်ဆိုင်ရာအရေးကိစ္စများ ဆောင်ရွက်နေကြသည့် ဆက်စပ်ဌာနများရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် သင်တန်းများစီစဉ်ပေးခြင်း၊

(ဆ) လိုအပ်သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဇ) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအကောင်အထည်ဖော်မှု နိုင်ငံအဆင့်အစီရင်ခံစာ ပြုစုရေးသားခြင်း၊

(ဈ) လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို အခါအားလျော်စွာ အမျိုးသားကော်မတီသို့ အစီရင်ခံစာတင်ပြခြင်း၊

(ည) အမျိုးသားကော်မတီက အခါအားလျော်စွာပေးအပ်သော ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ဥက္ကဋ္ဌ
ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ခြင်းပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးတင်ဇော်မြင့် | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ကြည်ကြည်လှ | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဒေါ်ခင်သီတာမိုး | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဒေါ်သန္တာစိုးရီ | ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမျိုးဝင်းညွှန့် | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်စိုး | ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးဇော်လွင်ထက် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဦးညီညီလွင် | ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမျိုးမြင့် | ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်မင်းနောင် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးဝင်းမောင်မောင် | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၄) | ဦးခိုင်ဦး | ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်း စသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများစိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည့် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီက ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံ စာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီက ပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

မောင်မောင်ကျော်
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂ / ၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနတို့မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၃)ဦးအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများရှိလစ်လပ်လျက်ရှိသည့်ညွှန်ကြားရေးမှူး၊လစာနှုန်း(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကီးလိန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | <br>ညွှန်ကြားရေးမှူး<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း<br>စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး |
| ( ခ ) | ဒေါ်တင်တင်နွယ်<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန | <br>ညွှန်ကြားရေးမှူး<br>စာပေနှင့် ဘာသာစကားဌာနခွဲ<br>တိုင်းရင်းသားစာပေနှင့်<br>ယဉ်ကျေးမှုဦးစီးဌာန |
| ( ဂ ) | ဒေါ်သဥ္ဇာနိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | <br>ညွှန်ကြားရေးမှူး<br>သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စု ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးဇော်ထွန်း အား ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်

ရှိသော ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ရှမ်းပြည်နယ်ညွှန်ကြားရေးမှူးရုံးမှညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်နန်းလောဝ်ဟွမ် အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀- ၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၃၄။ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ဥပဒေအရာရှိ (ညွှန်ကြားရေးမှူး) ဒေါ်ဂျေခါးတောင် (ဥ/၁၈၅၅) အား အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ခုနှစ်၊ မေလ ၁၂ ရက်နေ့နံနက်ပိုင်းမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာသီတာဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃/၂၀၂၁ အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ် ဦးကျော်ဝင်းဟန် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) ဦးကျော်ဝင်းဟန် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှ ဩဂုတ်လ ၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ်( ၁၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ဖြင့် ဖွဲ့စည်းခဲ့သော **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥပဒေအကြံပေးရေးအဖွဲ့** ကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဒေါ်ချိုချိုပြုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ဒေါက်တာပွင့်ဖြူသန့် | ပါမောက္ခ(ပညာဌာနမှူး)၊ ဥပဒေပညာဌာန<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| ( ဂ ) | ဒေါ်ဝါဝါလွင် | ပါမောက္ခ(ဥပဒေပညာဌာန)<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းကျော်စွာကြူ | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါ်မေမျိုးသိန်း | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါ်သိမ့်သိမ့်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စုသဲခိုင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒေါ်ချောစုအောင် | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဤအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသတင်းထုတ်ပြန်နိုင်ရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) ဦးရဲနိုင် — အဖွဲ့ခေါင်းဆောင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

( ခ ) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

( ဂ ) ဦးအောင်တင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(ဃ) ဒေါ်ချိုချိုပြုံး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန

( င ) ဦးလှအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

( စ ) ဒေါ်စိုးစိုးဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(ဆ) ဒေါ်ချိုမာမြင့် — တွဲဖက်အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်၊ ဥက္ကဋ္ဌရုံးအဖွဲ့
Contact Person (ဖုန်း– ၀၆၇ ၄၀၉၁၉၀)

( ဇ ) ဦးမြင့်ဆွေ — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

၂။ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရာထူးရွေးချယ်ရေးအတွက် ကြော်ငြာခေါ်ယူခြင်း၊ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပခြင်း၊ ဝန်ထမ်းများအား ရွေးချယ်ပေးခြင်းနှင့် လေ့ကျင့်ပေးခြင်း၊ အရာထမ်းပြောင်းရွှေ့ခြင်း ဆောင်ရွက်မှုများကို ပြည်သူများ စိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ပြီး အကျိုးရှိမည့် သတင်းများကို လက်ဦးမှုရှိအောင် လမ်းညွှန်မှုခံယူထုတ်ပြန်ပေးရန်၊

( ခ ) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းများ စတင်အကောင်အထည်ဖော်မှုအခြေအနေများ၊ ပြည်သူကိုရှေးရှုသော စိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်မည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာရေး လေ့ကျင့်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းအသိပေးရန်၊

( ဂ ) နိုင်ငံ့ဝန်ထမ်းအရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်း၍ ပြည်တွင်း၌ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့်စပ်လျဉ်းသည့် သတင်းများကို လမ်းညွှန်မှုခံယူထုတ်ပြန်ပေးရန်၊

(ဃ) ဤအဖွဲ့မှ အခါအားလျော်စွာ ပြုလုပ်သည့် အခမ်းအနားများနှင့်စပ်လျဉ်းသည့် သတင်းများအား ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားရန်၊

( င ) သတင်းအချက်အလက်များ စုစည်းထုတ်ပြန်ရာတွင် နိုင်ငံတော်မူဝါဒများနှင့်အညီ စိစစ်သုံးသပ်ပြီး လျှို့ဝှက်ထားရန်ဖြစ်သော (Confidential)၊ သတိကြီးစွာထားရသော (Sensitive)၊ သတင်းအချက်အလက်များ ပါရှိမှုမရှိစေရေး အလေးထားရန်နှင့် ပြည်သူတို့သိသင့်သိထိုက်သည့် သတင်းနှင့်အချက်အလက်များကိုသာ ပြုစုထုတ်ပြန်ရန်၊

( စ ) ထုတ်ပြန်မည့် သတင်းအချက်အလက်များသည် အဖွဲ့အစည်းတစ်ခုခုအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလည်းကောင်း ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေးနှင့် ဘာသာရေးနှင့်ပတ်သက်၍ ထိခိုက်စော်ကားမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ဆ) အခါအားလျော်စွာ ဌာနတွင်း အသိပေးရမည့် အကြောင်းအရာကိစ္စများရှိပါက ရှင်းလင်းပွဲများ ပြုလုပ်၍ အသိပေးဆောင်ရွက်ရန်၊

( ဇ ) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်မှု လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန်။

၃။ ဤအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၃/၂၀၁၉) ကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွှန်ပယ်ဖျက်လိုက်သည်။

သန်းဆွေ
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဋ)၊ (အ) တို့ပါ နိုင်ငံတော်ပိုင်အိမ်ရာအဆောက်အဦများတွင် နေထိုင်ခွင့်ရရှိသူများလိုက်နာရန် စည်းကမ်းချက်များအား နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါ စည်းကမ်းချက်များအား ထုတ်ပြန်လိုက်သည်-

**နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများအတွက် ချထားပေးသော နိုင်ငံတော်ပိုင်အိမ်ရာ အိမ်ထောင်သည်တိုက်ခန်းများတွင် နေထိုင်ခွင့်ရရှိသူများ လိုက်နာရန်စည်းကမ်းချက်များ-**

**နေထိုင်မှုစည်းကမ်းချက်များ**

၁။ နေထိုင်မှုစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအလိုက် ခွဲဝေပေးထားသည့် (၆) ခန်းတွဲ (၄) ထပ်၊ (၄) ခန်းတွဲ (၄) ထပ်၊ (၂) ခန်းတွဲ (၃) ထပ် တိုက်တစ်လုံးစီတွင် တိုက်တာဝန်ခံ (၁) ဦးနှင့် ဒုတိယတိုက်တာဝန်ခံ (၁) ဦးအား တိုက်ခွဲဝေရရှိသည့် ဝန်ကြီးဌာနမှ တာဝန်ခံ၍ ခန့်အပ်တာဝန်ပေးထားရမည်။ အကယ်၍ ဝန်ကြီးဌာန ပေါင်းစပ်နေထိုင်ပါက အခန်းအရေအတွက် အများဆုံးရရှိသည့် ဝန်ကြီးဌာနမှ တိုက်တာဝန်ခံအား ခန့်အပ်တာဝန်ပေးရမည်၊

(ခ) ခန့်အပ်တာဝန်ပေးထားသည့် တိုက်တာဝန်ခံနှင့် ဒုတိယတိုက်တာဝန်ခံတို့၏ အမည်၊ ရာထူး၊ ဌာနနှင့် ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်တို့ပါဝင်သော ကိုယ်ရေးအကျဉ်းအား နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ ပေးပို့မှတ်ပုံတင်ထားရမည်၊ (တိုက်တာဝန်ခံ သို့မဟုတ် ဒုတိယတိုက်တာဝန်ခံများ ပြောင်းလဲမှုရှိတိုင်း ပေးပို့ရမည်)

(ဂ) တိုက်ခန်းတွင် နေထိုင်သူဝန်ထမ်းနှင့် မိသားစုဝင်များအားလုံးသည် ခန့်အပ်ထားသည့် တိုက်တာဝန်ခံနှင့် ဒုတိယတိုက်တာဝန်ခံတို့၏ ကြီးကြပ်ကွပ်ကဲမှုကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) တိုက်တာဝန်ခံသည် မိမိတိုက်အား အမြဲတမ်း စနစ်တကျထိန်းသိမ်းကြီးကြပ်ရန်နှင့် အခက်အခဲ ပြဿနာရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းရှိ တာဝန်ရှိသူ အရာရှိများနှင့် တာဝန်မှူးရုံးခန်းသို့ တင်ပြရမည်၊

(င) ထုတ်ပြန်ထားသည့်စည်းကမ်းများအား တိုက်ခန်းတွင်နေထိုင်ရန် ခွင့်ပြုထားသည့် (ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မိခင်၊ ဖခင်၊ ညီ၊ ညီမ၊ တူ၊ တူမ) အပါအဝင်နှင့် ဧည့်သည်များပါ လိုက်နာစေရန် အိမ်ထောင်ဦးစီးတွင် တာဝန်ရှိသည်၊ စည်းကမ်းချိုးဖောက်ပါက အိမ်ထောင်ဦးစီးသည် ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းအရ အရေးယူခြင်းခံရမည်၊

(စ) တိုက်ခန်းမှ ပြင်ပသို့ ညအိပ်သွားရောက်ခြင်း၊ ခရီးသွားရောက်ခြင်း၊ ပြန်လည်ရောက်ရှိခြင်းများရှိပါက တိုက်တာဝန်ခံ၊ ဒုတိယတိုက်တာဝန်ခံများထံ သတင်းပို့တင်ပြရမည်၊

(ဆ) တိုက်ခန်းများတွင် ခွင့်ပြုမိန့်ခိုသူများမှအပ ညအိပ်ဧည့်သည်နေထိုင်ခွင့်အား (၂၄) နာရီအတွင်း တိုက်တာဝန်ခံထံသို့ မပျက်မကွက် သတင်းပို့ရန်နှင့် ၎င်းမှတစ်ဆင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်ရယူ တောင်းခံရမည်၊

(ဇ) နေထိုင်ခွင့်ရရှိသော တိုက်ခန်းသို့ အကျင့်စာရိတ္တပျက်ယွင်းသူ၊ ပြစ်မှုကျူးလွန်ရန် သံသယရှိသူများအား လက်ခံတည်းခိုခွင့်မပြုရ၊

(ဈ) နေထိုင်ခွင့်ရရှိသော တိုက်ခန်းအား နေထိုင်ခွင့်ရရှိသူကိုယ်တိုင် နေထိုင်မှုမရှိခြင်း၊ အခြားသူများအား ငှားရမ်းခြင်း၊ မိသားစုဝင်များမှအပ မိမိအိမ်ထောင်စုစာရင်းတွင် ပါဝင်ခြင်းမရှိသူများအား ရက်ရှည် နေထိုင်ခွင့်ပြုခြင်းများ လုံးဝမပြုလုပ်ရ၊

(ည) နိုင်ငံတော်ပိုင်တိုက်ခန်းတွင် နေထိုင်သူအားလုံးသည် အငြိမ်းစားယူခြင်း၊ အခြားဒေသသို့ ပြောင်းရွှေ့ခြင်း၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်းများခံရပါက တိုက်ခန်းအား ပြန်လည် အပ်နှံ၍သတ်မှတ်ထားသည့်ရက်အတွင်း ဖယ်ရှားပေးရမည်။ ဖယ်ရှားခြင်းမရှိပါက ဌာနအစီအစဉ်ဖြင့် ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ရမည်၊

(ဋ) ဇနီးမောင်နှံ (၂) ဦးစလုံး အစိုးရဝန်ထမ်းဖြစ်ပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသူများ ဖြစ်ပါက ဝန်ထမ်းတစ်ဦး၏အမည်ဖြင့် နေအိမ်ခန်း (၁) ခန်းသာ ရယူရမည်၊

(ဌ) တိုက်ခန်းတွင် အမြဲတမ်းဝန်ထမ်းများကိုသာ နေထိုင်ခွင့်ပြုရန်နှင့် နေ့စားအလုပ်သမားများအား နေထိုင်ခွင့်မပြုရ၊

(ဍ) အိမ်ထောင်သည်တိုက်ခန်းတွင် လူပျို၊ အပျို၊ လူလွတ်များ တစ်ဦးတည်းလုံးဝနေထိုင်ခွင့် မပြု၊

(ဎ) အိမ်ထောင်သည် အမျိုးသားဝန်ထမ်းများသည် မိသားစုများလိုက်ပါနေထိုင်ခြင်းမရှိက အိမ်ထောင်သည် တိုက်ခန်းနှင့် လူပျိုဆောင်များတွင် နေထိုင်ခွင့်မပြုရ၊ မိမိအစီအစဉ်ဖြင့် ပြင်ပတွင်သာ ငှားရမ်းနေထိုင် ရမည်၊

(ဏ) ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ ပါတီနိုင်ငံရေးဆောင်ရွက်သူများ၊ ပါတီနိုင်ငံရေး နှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်သူများ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်မပြုရ၊

(တ) တိုက်ခန်းတွင် အေးချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ သွေးထိုးခြင်း၊ ထင်ရာမြင်ရာ ပြောဆိုခြင်းများ၊ အများနှင့်မသင့်လျော်စွာ နေထိုင်ခြင်းများ မပြုလုပ်ရ၊

(ထ) တိုက်ခန်းတွင် အုပ်စုဖွဲ့၍ အရက်သေစာသောက်စားခြင်း၊ မူးယစ်ရမ်းကားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ နှစ်လုံး၊ သုံးလုံး ချဲထီ ရောင်းဝယ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆဲဆိုခြင်းနှင့် ဆူညံအော်ဟစ်ခြင်းများ မပြုလုပ်ရ၊

(ဒ) နေထိုင်ခွင့်ရရှိသောတိုက်ခန်းတွင် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် တိုက်ခန်းအတွင်း ရန်ဖြစ်ခြင်း၊ အော်ကြီးဟစ်ကျယ်စကားပြောခြင်း၊ ဆဲဆိုခြင်း၊ ကျယ်လောင်စွာ သီချင်းဖွင့်ခြင်း၊ သီချင်းဆိုခြင်း စသည့် နှုတ်အသံဖြင့် ဆူညံမှုပြုလုပ်ခြင်းနှင့် အပြုအမူတစ်ခုခုဖြင့် ဆူညံမှုများပြုခြင်းတို့ မပြုလုပ်ရ၊

(ဓ) နေထိုင်ခွင့်ရရှိထားသော တိုက်ခန်းတွင် နေထိုင်ခွင့်ရရှိသူကိုယ်တိုင် နေထိုင်ခြင်းမရှိကြောင်း တိုက်တာဝန်ခံ၊ ဒုတိယတိုက်တာဝန်ခံများ၏ သတင်းပို့တင်ပြမှုအရလည်းကောင်း၊ တိုက်ခန်းစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးချက်အရလည်းကောင်း စိစစ်တွေ့ရှိရပါက တိုက်ခန်းအား ပြန်လည်သိမ်းဆည်းပြီး နေထိုင်ခွင့်အား ရုပ်သိမ်းသွားမည် ဖြစ်ပါသည်။

**အဆောက်အဦပိုင်းဆိုင်ရာ စည်းကမ်းချက်များ**

၂။ အဆောက်အဦပိုင်းဆိုင်ရာ စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) နေထိုင်ခွင့်ရရှိသောတိုက်ခန်းအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ပြင်ဆင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်း မပြုလုပ်ရ၊

(ခ) လူပျို/အပျိုဆောင်အပါအဝင် လူနေအိမ်ရာများသည် ဝန်ထမ်းများအတွက် နိုင်ငံတော်မှ တည်ဆောက်ပေးသည့် အဆင့်မြင့်လူနေအိမ်ရာ၊ အဆောက်များဖြစ်ပါသဖြင့် ကိုယ်ပိုင်အဆောက်အဦကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိ၏ပေါ့ဆမှုကြောင့် ပျက်စီးမှုများရှိပါက မူလအနေအထားအတိုင်း ပြန်လည်ပြင်ဆင်ပေးရမည် သို့မဟုတ် တန်ဖိုးအတိုင်း ပေးလျော်ရမည်။

(ဂ) တိုက်ခန်း၏ ပြင်ပဆက်စပ်နေရာ၌ အဖီချခြင်း၊ ကားဂိုဒေါင်ဆောက်လုပ်ခြင်းအပါအဝင် အခြားမည်သည့်အဆောက်အဦမှ ဆောက်လုပ်ခြင်းမပြုရ။

**လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာစည်းကမ်းချက်များ**

၃။ လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာစည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) တိုက်ခန်းတွင် နေထိုင်ခွင့်ရရှိသူသည် စုပေါင်းစနစ်ဖြင့် ရေမီတာတပ်ဆင်ထားပြီး ရေခွန်ပေးဆောင်ရခြင်းဖြစ်၍ ရေသုံးစွဲမှုအား စနစ်တကျ သုံးစွဲရန်နှင့် သတိမူမဲ့ ရေတင်ခြင်းမပြုလုပ်ရ၊ လစဉ်ကျသင့်သော ရေခွန်များအား သက်ဆိုင်ရာ တိုက်တာဝန်ခံထံ မပျက်မကွက် စုပေါင်းပေးဆောင်ရမည်၊

(ခ) မီးဘေးလုံခြုံရေးအတွက် လျှပ်စစ်မီးအား စနစ်တကျသုံးစွဲရန်နှင့် လျှပ်စစ်မိန်းခလုတ် မပိတ်ဘဲ ပြင်ပသို့ ညအိပ်ထွက်ခွာခြင်းများ၊ ပြင်ပသို့ ထွက်ခွာခြင်းများ မပြုရ။

**အထွေထွေစည်းကမ်းချက်များ**

၄။ အထွေထွေစည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) တိုက်ခန်းတွင် ရုံးခန်းဖွင့်လှစ်ခြင်း၊ မူကြိုဖွင့်လှစ်ခြင်း၊ ကျူရှင်/စာသင်ဝိုင်း ဖွင့်လှစ်ခြင်း၊ ဈေးဆိုင်ဖွင့်လှစ်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်ရ၊

(ခ) တိုက်ခန်းနှင့် တိုက်ခန်းဥပစာ၌ ဥပဒေနှင့်ဆန့်ကျင်သော မည်သည့်လုပ်ငန်းကိုမဆို လုပ်ကိုင်ခြင်းမပြုလုပ်ရ၊

(ဂ) ဝန်ထမ်းအိမ်ရာအတွင်း မဖြစ်မနေပြုလုပ်ရမည့် သာရေး၊ နာရေးကိစ္စရပ်များမှအပ အခြားသောပျော်ပွဲ ရွှင်ပွဲကိစ္စရပ်များအား သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြုလုပ်ရမည်၊

(ဃ) စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းများ မပြုလုပ်ရ၊

( င ) တိုက်ခန်းတွင် အများကိုအနှောင့်အယှက်ဖြစ်စေနိုင်သော မည်သည့် တိရစ္ဆာန်ကိုမှ မွေးမြူခြင်းမပြုရ၊

( စ ) နှစ်ရှည်အရိပ်ရပင်၊ သီးပင်၊ စားပင်၊ ပန်းအလှပင်တို့အား အိမ်ထောင်စုအလိုက် စိုက်ပျိုးရန်၊

(ဆ) မိမိနေထိုင်ခွင့်ရရှိသော တိုက်ပတ်ဝန်းကျင်အား မြက်၊ ချုံများ ရှင်းလင်းရန်နှင့် သဘာဝအတိုင်း ပေါက်ရောက်နေသော သစ်ပင်ကြီးများ၊ စိုက်ပျိုးထားသော နှစ်ရှည်ပင်ကြီးများအား ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ကိုင်းချိုင်ခြင်းများ မပြုလုပ်ရ။

၅။ အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသူအား တိုက်ခန်းနေထိုင်ခွင့်ရုပ်သိမ်းသွားမည် ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူနိုင်သည်။

၆။ ယခင်ထုတ်ပြန်ခဲ့သော ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၀၀၇/၀၈/နပတ (မတ၀) နှင့် ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်စွဲပါ စာအမှတ်၊ ၀၀၈/၀၈/နပတ (မတ၀) တို့ပါ စည်းကမ်းချက်များအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၁)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဠ)၊ (အ) တို့ပါ နိုင်ငံတော်ပိုင်အိမ်ရာအဆောက်အဦများတွင် နေထိုင်ခွင့်ရရှိသူများလိုက်နာရန် စည်းကမ်းချက်များအား နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ အောက်ပါ စည်းကမ်းချက်များအား ထုတ်ပြန်လိုက်သည်-

**နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများအတွက် ချထားပေးသော နိုင်ငံတော်ပိုင်အိမ်ရာ လူပျိုဆောင်/အပျိုဆောင်များတွင် နေထိုင်ခွင့်ရရှိသူများ လိုက်နာရန် စည်းကမ်းချက်များ**

**နေထိုင်မှုစည်းကမ်းချက်များ**

၁။ နေထိုင်မှုစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ကြီးဌာနအလိုက် ခွဲဝေပေးထားသည့် လူပျို/အပျို အဆောင် (၁) လုံးစီတွင် အဆောင်တာဝန်ခံ တစ်ဦးအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ခံ၍ ခန့်အပ်တာဝန်ပေးရမည်၊ အကယ်၍ ဝန်ကြီးဌာန ပေါင်းစပ်နေထိုင်ပါက အခန်းအရေအတွက် အများဆုံးရရှိသည့် ဝန်ကြီးဌာနမှ အဆောင်တာဝန်ခံ (အဆောင်မှူး) အား ခန့်အပ်တာဝန်ပေးရမည်၊

( ခ ) ခန့်အပ်တာဝန်ပေးထားသည့် အဆောင်မှူးနှင့် ဒုတိယအဆောင်မှူးတို့၏ အမည်၊ ရာထူး၊ ဌာနနှင့် ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်တို့ပါဝင်သော ကိုယ်ရေးအကျဉ်းအား နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ ပေးပို့မှတ်ပုံတင်ထားရမည်၊ (အဆောင်မှူး သို့မဟုတ် ဒုတိယအဆောင်မှူးများ ပြောင်းလဲမှု ရှိတိုင်း ပေးပို့ရမည်)

( ဂ ) အဆောင်တာဝန်ခံ (အဆောင်မှူး) သည် မိမိအဆောင်တိုက်အား အမြဲတမ်းစနစ်တကျ ထိန်းသိမ်း ကြီးကြပ်ရန်နှင့် အခက်အခဲပြဿနာရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာန၊ အဖွဲ့အစည်းရှိ တာဝန်ရှိသူအရာရှိများနှင့် တာဝန်မှူးရုံးခန်းသို့ တင်ပြရမည်၊

(ဃ) အဆိုပါ အဆောင်တိုက်ခန်းတွင် နေထိုင်သူဝန်ထမ်းအားလုံးသည် ခန့်အပ်ထားသည့် အဆောင် တာဝန်ခံ (အဆောင်မှူး) ၏ ကြီးကြပ်ကွပ်ကဲမှုကို နာခံရမည်၊

( င ) ခွင့်၊ တာဝန်အရ ခရီးထွက်ရန် ကိစ္စများပေါ်ပေါက်ပါက သွားရောက်မည့်ကာလ၊ ပြန်လည်ရောက်ရှိမှုအား အဆောင်တာဝန်ခံ (အဆောင်မှူး) ထံ သတင်းပို့ တင်ပြရမည်၊

(စ) အဆောင်တိုက်ခန်းတွင် နေထိုင်သူများသည် လူပျို/အပျို/လူလွတ်များ စသည်ဖြင့် သတ်မှတ်ချက်အတိုင်း နေထိုင်ရပါမည်။ လူပိုများခေါ်၍ နေထိုင်ခွင့်မပြုရ၊

(ဆ) ရရှိသော အဆောင်တိုက်ခန်းတွင် နေထိုင်ခွင့်ရရှိသူကိုယ်တိုင် နေထိုင်မှုမရှိခြင်း၊ အခြားသူများကို ထပ်ဆင့်ငှားရမ်းခြင်း၊ ရက်ရှည်နေထိုင်ခွင့်ပြုခြင်း လုံးဝမပြုလုပ်ရ၊ ခွင့်ပြုချက်မရှိဘဲ ညဥ့်အိပ်ဧည့်သည် တည်းခိုခြင်းလုံးဝခွင့်မပြုရ၊

(ဇ) အပျိုဆောင်တိုက်ခန်းတွင် အမျိုးသားဧည့်သည်များ ဝင်ရောက်ဧည့်တွေ့ခြင်း၊ ဝင်/ထွက် သွားလာခြင်း လုံးဝခွင့်မပြုရ၊ ဧည့်တွေ့ရန်ရှိပါက အပျိုဆောင်ပြင်ပတွင်သာ တွေ့ရမည်၊

(ဈ) ရရှိထားသော အဆောင်တိုက်ခန်းများတွင် ခွင့်ပြုချက်မရှိဘဲ မိသားစု၊ မိတ်ဆွေ၊ ဧည့်သည်များ ညအိပ်နေထိုင်ခွင့် မပြုရ၊

(ည) အဆိုပါ အဆောင်တိုက်ခန်းတွင် နေထိုင်သူအားလုံးသည် အငြိမ်းစားယူခြင်း၊ အခြားဒေသသို့ ပြောင်းရွှေ့ခြင်း၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်းများခံရပါက အဆောင်အခန်းအား ပြန်လည်အပ်နှံ၍ သတ်မှတ်ထားသည့်ရက်အတွင်း ဖယ်ရှားပေးရမည်။ ဖယ်ရှားခြင်းမရှိပါက ဌာနအစီအစဉ်ဖြင့် ဖယ်ရှားရှင်းလင်းခြင်းဆောင်ရွက်သွားမည်၊

(ဋ) အဆောင်တိုက်ခန်းတွင် အမြဲတမ်းဝန်ထမ်းများကိုသာ နေထိုင်ခွင့်ပြုရန်နှင့် နေ့စားအလုပ်သမားများအား နေထိုင်ခွင့်မပြုရ၊

(ဌ) အဆောင်အတွင်း အေးချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ သွေးထိုးခြင်း၊ ထင်ရာမြင်ရာ ပြောဆိုခြင်း၊ အများနှင့်မသင့်လျော်စွာ နေထိုင်ခြင်းများ မပြုလုပ်ရ၊

(ဍ) ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ ပါတီနိုင်ငံရေး ဆောင်ရွက်သူများ၊ ပါတီနိုင်ငံရေးနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော်သူများ အဆောင်/တိုက်ခန်းများတွင် နေထိုင်ခွင့်မပြုရ၊

(ဎ) ရရှိသော အဆောင်တိုက်ခန်းများတွင် လောင်းကစားပြုလုပ်ခြင်း၊ နှစ်လုံး၊ သုံးလုံး ချဲထီ ရောင်းဝယ်ကိစ္စများပြုလုပ်ခြင်း၊ ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် ဆူညံမှုများပြုလုပ်ခြင်း၊ အရက်သေစာအုပ်စုဖွဲ့၍ သောက်စားခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆဲဆိုခြင်း၊ မူးယစ်ရမ်းကားခြင်းများ မပြုလုပ်ရ၊ ပြုလုပ်ပါက တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်၊

(ဏ) ရရှိသော အဆောင်တိုက်ခန်းများတွင် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေမည့် တိုက်ခန်းအတွင်း ရန်ဖြစ်ခြင်း၊ အော်ကြီးဟစ်ကျယ် စကားပြောခြင်း၊ ဆဲဆိုခြင်း၊ ကျယ်လောင်စွာ သီချင်းဖွင့်ခြင်း၊ သီချင်းဆိုခြင်း စသည့် နှုတ်အသံဖြင့်ဆူညံမှုပြုလုပ်ခြင်းနှင့် အပြုအမူတစ်ခုခုဖြင့် ဆူညံမှုများ ပြုလုပ်ခြင်းတို့ မပြုလုပ်ရ။

**အဆောက်အဦပိုင်းဆိုင်ရာ စည်းကမ်းချက်များ**

၂။ အဆောက်အဦပိုင်းဆိုင်ရာ စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) နေထိုင်ခွင့်ရရှိသော အဆောင်အခန်းနှင့် အဆောင်များအား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ တိုးချဲ့မွမ်းမံခြင်း၊ အခြားနည်းဖြင့်အသုံးပြုခြင်းမပြုလုပ်ရ။

(ခ) လူပျို/အပျိုဆောင် အပါအဝင် လူနေအိမ်ရာများသည် ဝန်ထမ်းများအတွက် နိုင်ငံတော်မှ တည်ဆောက်ပေးသည့် အဆင့်မြင့်လူနေအိမ်ရာ အဆောင်များဖြစ်ပါသဖြင့် ကိုယ်ပိုင်အဆောက်အဦကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် မိမိ၏ပေါ့ဆမှုကြောင့် ပျက်စီးမှုများရှိပါက မူလအနေအထားအတိုင်း ပြန်လည်ပြင်ဆင်ပေးရမည် သို့မဟုတ် တန်ဖိုးအတိုင်း ပေးလျော်ရမည်။

**လျှပ်စစ်မီးနှင့် ရေပိုင်းဆိုင်ရာစည်းကမ်းချက်**

၃။ လျှပ်စစ်မီးနှင့်ရေကို စနစ်တကျ သုံးစွဲရမည်။ (သက်ဆိုင်ရာဌာနနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ထုတ်ပြန်ထားသော လျှပ်စစ်မီးသုံးစွဲမှု စည်းကမ်းများနှင့် ရေသုံးစွဲမှု စည်းကမ်းများအား လိုက်နာ ရပါမည်)

**အထွေထွေစည်းကမ်းချက်များ**

၄။ အထွေထွေစည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မိမိနေထိုင်ခွင့်ရရှိသော အဆောင်တိုက်ခန်းဥပစာတွင် ဥပဒေနှင့်ဆန့်ကျင်သော အသက်မွေးဝမ်းကျောင်းမှု စသည့်လုပ်ငန်းများ မပြုလုပ်ရ၊ အကယ်၍ ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ထမ်းစည်းမျဉ်း၊ နေထိုင်ခွင့် စည်းမျဉ်း စည်းကမ်းနှင့် တည်ဆဲတရားဥပဒေအရ အရေးယူခြင်းခံရမည်၊

(ခ) စည်းကမ်းမဲ့အမှိုက်များထားရှိခြင်း၊မီးရှို့ခြင်း၊စွန့်ပစ်ခြင်းနှင့်စည်းကမ်းမဲ့ကွမ်းတံတွေးထွေးခြင်းများ မပြုလုပ်ရ၊

(ဂ) အဆောင်တိုက်ခန်းများတွင် အများကိုအနှောင့်အယှက်ဖြစ်စေနိုင်သော မည်သည့်တိရစ္ဆာန်များကိုမှ မွေးမြူခြင်း မပြုရ၊

(ဃ) နေပြည်တော်အတွင်း သဘာဝအတိုင်းပေါက်နေသော သစ်ပင်ကြီးများ၊ စိုက်ပျိုးထားသော သစ်ပင် များအား ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ကိုင်းချိုင်ခြင်း မပြုလုပ်ရ၊

(င) အဆောင်များဝန်းကျင် သန့်ရှင်းသာယာရေး၊ လုံခြုံရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး စသည့် တာဝန်များကို အဆောင်တာဝန်ခံ (အဆောင်မှူး) ၏ ညွှန်ကြားချက် အတိုင်း ပါဝင်ပူးပေါင်း ဆောင်ရွက်ရမည်။

၅။ အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိသူအား အဆောင်အခန်းနေထိုင်ခွင့် ရုပ်သိမ်း သွားမည်ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူနိုင်သည်။

၆။ ယခင်ထုတ်ပြန်ခဲ့သော ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၀၂၉/၁-၁/နပတ (ကော်မတီ) ပါ စည်းကမ်းချက်များအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမောင်မောင်နိုင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

## အမိန့်အမှတ် (၄၇/၂၀၂၁)

မန္တလေးမြို့၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်)

မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရှိ အောက်ဖော်ပြပါ ဒုတိယဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) (၃) ဦးတို့အား တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့် နေ့ရက်မှစ၍ ဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဦးတင်စိုး

(၂) ဦးသန်းဇော်ထွန်း

(၃) ဒေါ်မော်လီစန်း

မောင်ကို
ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်<br>(၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးမှ ညွှန်ကြားရေးမှူး ဦးလွင်ဦး အား ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ခင်လတ်
အမြဲတမ်းအတွင်းဝန်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/ အမည်–၉၂/ ဖက်ခင်းကွင်း၊ ဦးပိုင်အမှတ် (၅၆$^{င/၂}$၊ ၅၆$^{င/၃}$) တို့ရှိ **မြေဧရိယာ ၀.၃၈ ဧက** အား **သမ္မာမဂ္ဂင်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### ငြင်းပယ်ခွင့်နှင့် သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

အမှတ် ၄၃။ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးခင်မောင်စိုး လျှောက်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၃-၃-၂၀၂၁) ရက်နေ့မှ (၂-၇-၂၀၂၁) ရက်နေ့အထိ (၄) လ ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ အရ နှင့် လုပ်ငန်းလိုအပ်ချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့် (Deferred Leave) အဖြစ် သတ်မှတ်လိုက်သည်။

အမှတ် ၄၄။ ဒုတိယအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးခင်မောင်စိုး အား ငြင်းပယ်ခွင့် (Deferred Leave) အဖြစ်သတ်မှတ်ခြင်းကြောင့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အသက် (၆၀) နှစ်ပြည့်သည့် (၃-၇-၂၀၂၁) ရက်နေ့မှ (၂-၁၁-၂၀၂၁) ရက်နေ့အထိ ပျမ်းမျှလစာနှုန်းဖြင့် ခံစားခွင့်ပြုလျက် (၃-၁၁-၂၀၂၁) ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ခင်မောင်ကြည်

အထွေထွေမန်နေဂျာ (စီမံရေး)

မြန်မာ့သစ်လုပ်ငန်း

## လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး)

### အမိန့်ကြော်ငြာစာ (၀၂၅/၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်)

၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၁) သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး) မှ အောက်ဖော်ပြပါ ဦးစီးမှူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂) ဦးအား ဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်အိအိစိုးမိုး | ဦးစီးမှူး | ဦးစီးအရာရှိ |
| (ခ) | ဒေါ်အေးအေးသွယ် | ဦးစီးမှူး | ဦးစီးအရာရှိ |

ဒေါက်တာအောင်ဆွေထွန်း

ညွှန်ကြားရေးမှူးချုပ်

လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး)

## အားကစားနှင့် ကာယပညာဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၄/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဆေးဘက်ဌာနခွဲမှ ဦးစီးမှူး (သုတေသန) လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်ခင်မိုးဝေ အား ဦးစီးအရာရှိ (သုတေသန)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲတွင် တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၅/ ၂၀၂၁)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲမှ ကြီးကြပ်ရေးမှူး (ကွင်း) လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးသိန်းဝင်း အား ဦးစီးအရာရှိ (ဆက်ဆံရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂) တွင် တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၆/ ၂၀၂၁)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရာထူးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အင်ဂျင်နီယာ (၁၀) ဦးအား လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲပါ ဌာနခွဲ/ဒေသများတွင် တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး<br>ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်<br>ဌာနခွဲ၊ ဒေသ |
|---|---|---|
| (၁) | ဦးထင်ဝင်းမောင်<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>စီမံ/ဘဏ္ဍာဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၂) | ဒေါ်စန်းယုဆွေ<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၃) | ဒေါ်စန်းစန်းမြင့်<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၄) | ဒေါ်ဝင်းသက်မွန်ဦး<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |

| စဉ် | အမည်၊ ရာထူး<br>ဌာနခွဲ၊ ဒေသ | တိုးမြှင့်ခန့်အပ်သည့်<br>ဌာနခွဲ၊ ဒေသ |
|---|---|---|
| (၅) | ဦးငြိမ်းချမ်းဇော်<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၆) | ဒေါ်ဆုအိလှိုင်<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၇) | ဒေါ်ခင်သီတာမိုး<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၈) | ဒေါ်ဇင်မာဝင်း<br>အငယ်တန်းအင်ဂျင်နီယာ (၁)<br>အားကစားကွင်း/ရုံဌာနခွဲ | အားကစားကွင်း/ရုံဌာနခွဲ |
| (၉) | ဒေါ်သူဇာ<br>လ/ထ အင်ဂျင်နီယာ (ကျောထောက်)<br>ပဲခူးတိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန | ပဲခူးတိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန |
| (၁၀) | ဒေါ်ဇာဇာဦး<br>လ/ထ အင်ဂျင်နီယာ (ကျောထောက်)<br>ရန်ကုန်တိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန | ရန်ကုန်တိုင်းဒေသကြီး<br>အား/ကာဦးစီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၁၇/ ၂၀၂၁)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မှ စာကြည့်တိုက်လက်ထောက် (၁) လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဒေါ်ခင်စိုးသက် (ခ) ကေခက်စိုးကျော် အားလက်ထောက်စာကြည့်တိုက်မှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး အားကစားနှင့် ကာယပညာသိပ္ပံ (လှိုင်ကော်) တွင် တာဝန်ထမ်းဆောင်စေလိုက်သည်။

ထွန်းမြင့်ဦး<br>
ခေတ္တညွှန်ကြားရေးမှူးချုပ်<br>
အားကစားနှင့် ကာယပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် (၂၀၂၁ ခုနှစ်၊ မေလ ၂၁ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ယုံကြည်ရင်းနှီးမြှုပ်နှံမှုများ ကုမ္ပဏီ (တီအိုင်စီ) လီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

### အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့် ကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို အလိုအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်။

၂။ ဦးစိန်ဝင်း (Top Sein Win & Associate Consulting Ltd.) အား စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (21.6.2021) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်ရည်မွန်ဝင်း
၁၂/အစန (နိုင်) ၀၂၀၄၉၂
ဒါရိုက်တာ
ယုံကြည်ရင်းနှီးမြှုပ်နှံမှုများ ကုမ္ပဏီ
(တီအိုင်စီ) လီမိတက်

ဦးစိန်ဝင်း
၆/ထဝန (နိုင်) ၀၅၀၁၁၇
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ရန်အောင် (၆) လမ်း၊ အမှတ် (၂၆၈)၊ အခန်း (၁၀)၊ (၂) ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ပ၊ ထ၊ န – အမှတ် ၅၅၈/ ၂၀/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ – ၂၀၄၅/ ၂၁-၅-၂၀၂၁။